# အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွက် (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကြီးကို မကြာမီကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးအား ဘဏ်၏ သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ တည်ဆဲသင်းဖွဲ့စည်းမျဉ်းအရ ဒါရိုက်တာများ အလှည့်ကျ နုတ်ထွက်မည်ဖြစ်ပြီး နုတ်ထွက်သွား၍ လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင် အစားထိုးပြန်လည် ရွေးချယ် ရမည် ဖြစ်ပါသည်။

၂။ ပြန်လည်ရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေး မကျင်းပမီ ကြိုတင်ပေးပို့ တင်ပြရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများဘဏ် တွင် စာရင်းဆက်လက် တည်ရှိနေသော ရှယ်ယာရှင် (Special Account Holder) နှင့် Yangon Stock Exchange (YSX) တွင် အရောင်းအဝယ်ပြုလုပ်ရန် စာရင်းဖွင့်ထားသူများ (Securities Account Holder) များအနက် မြန်မာနိုင်ငံသားများဘဏ် ဒါရိုက်တာအဖွဲ့မှ သတ်မှတ်ထားသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့် (၀၄.၁၀.၂၀၂၃) ရက်နေ့ရှိ အစုရှယ်ယာရှင်စာရင်းတွင် ကျပ် ၅,၀၀၀,၀၀၀/- (ကျပ်သိန်းငါးဆယ်) နှင့်အထက် ပိုင်ဆိုင်သူရှယ်ယာရှင် လူပုဂ္ဂိုလ်များနှင့် ကျပ် ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာ) နှင့်အထက် ပိုင်ဆိုင်ထားသော အဖွဲ့အစည်း/ ကုမ္ပဏီများအနေဖြင့် ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံလိုပါက (၀၉.၁၀.၂၀၂၃) ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍ အဆိုပြုလွှာ လျှောက်ထားပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့် ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း (၁၀) ပုဒ်မ (၇၆) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) မှ (၈) အထိဖော်ပြထားသည့် အရည်အချင်းများနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။

၄။ အဆိုပြုလွှာ ဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓါတ်ပုံ (၁) ပုံနှင့် အစုရှယ်ယာ ပိုင်ဆိုင်မှု အထောက်အထားများ တစ်ပါတည်း ယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပမည့်အချိန်နှင့် နေရာကို ထပ်မံကြေညာမည် ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့် အချက်များရှိပါက စီမံဌာန ၀၁-၈၃၈၆၀၂၃၊ ၀၁- ၈၃၈၆၀၂၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

MCB
Myanmar Citizens Bank

စာအမှတ် ၊ စမ-ထွေ (၂၀၂၃) / ၁၂၀၅
ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်

သို့

ဦး/ဒေါ်

---------------------------------

---------------------------------

အကြောင်းအရာ။ **ဒါရိုက်တာရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရန်အတွက် အဆိုပြု တင်သွင်းလွှာ ပေးပို့ပါရန်ကိစ္စ**

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ဒုတိယအပတ်တွင် ကျင်းပပြုလုပ်ရန် ရည်ရွယ်ထားပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ၏ အခန်း (၁၀)၊ ပုဒ်မ (၇၆)၊ ပုဒ်မခွဲ (ဃ) အရ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့် အမည်စာရင်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ထားသည့်ပုံစံနှင့်တကွ တင်ပြရမည် ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ ပုဒ်မ (၈၃) တွင် ဒါရိုက်တာအဖွဲ့ဝင်များကို နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီး၌ ရွေးချယ်ရန် ပြဋ္ဌာန်းထားပြီး ရွေးချယ်ခံမည့် ဒါရိုက်တာအဖွဲ့ဝင်များသည် မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၇၄) အရ အစုရှယ်ယာတန်ဖိုး ကျပ်သိန်း (၅၀) နှင့်အထက် ပိုင်ဆိုင်သော လူပုဂ္ဂိုလ်များနှင့် ကျပ်သိန်း (၁၀၀) နှင့်အထက် ပိုင်ဆိုင်သော အဖွဲ့အစည်း/ကုမ္ပဏီများ ဖြစ်ရပါမည်။

၄။ Securities A/C ဖွင့်လှစ်ထားသည့် အစုရှယ်ယာရှင်များအနေဖြင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ သတ်မှတ်ထားသော (၀၄.၁၀.၂၀၂၃) ရက်နေ့ အစုရှယ်ယာပိတ်သိမ်းချိန်တွင် အထက်အပိုဒ်ပါ ဒါရိုက်တာ အရွေးခံနိုင်ခွင့် ရှိသော အစုရှယ်ယာပမာဏကို ပိုင်ဆိုင်ထားသူများ ဖြစ်ရပါမည်။

၅။ ထို့အပြင် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့် လူပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း (၁၀)၊ ပုဒ်မ (၇၆)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) မှ (၈) အထိ ဖော်ပြထားသည့် ပူးတွဲပါ အရည်အချင်းများနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။ **(ပူးတွဲ-၁)**

၆။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များမှ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ယှဉ်ပြိုင်ရွေးချယ်ရန် ဆန္ဒရှိပါက ပူးတွဲပါပုံစံတွင် ဖြည့်စွက်၍ (၀၉.၁၀.၂၀၂၃) ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထားပြီး **အတွင်းရေးမှူး၊ ဒါရိုက်တာအဖွဲ့၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** သို့ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၇။ သိရှိလိုသည်များကို အတွင်းရေးမှူး (ဖုန်း-၀၁-၃၇၈၆၀၂၃၊ ၀၁-၃၇၈၆၀၂၉) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

၈။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး ကျင်းပမည့်ရက်ကို အချိန်နှင့် တပြေးညီ ထပ်မံကြေညာသွားမည် ဖြစ်ပါသည်။

ချိုချိုအေး
အတွင်းရေးမှူး၊ ဒါရိုက်တာအဖွဲ့

ဒါရိုက်တာ အရွေးချယ်ခံရန် အဆိုပြုတင်သွင်းသူများအား ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအခန်း (၁၀)၊ ပုဒ်မ (၇၆)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) မှ (၈) အရ ရာထူး၊ တာဝန်ယူရန် သင့်မြတ်လျော်ကန်မှု ရှိ/မရှိကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ပါအချက်များအပေါ် မူတည်၍ စဉ်းစားမည် -

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာကဏ္ဍ တစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့် အတွေ့အကြုံများ၊

(၂) အဆိုပါပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖျားမှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြားမလျော်မကန်မှု ပြုမူကြောင်း ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်းပြည်ပတွင် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေး စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်း ခံရခြင်း ရှိ/မရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူမွဲစာရင်း ခံယူသူအဖြစ် ကြေညာခံရခြင်း ရှိ/မရှိ၊

(၅) အဆိုပါပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ်/မဟုတ်၊

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုကသော်လည်းကောင်း၊ နိုင်ငံတော်တွင် အစိုးရဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း၊ စိတ်မနှံ့သူဖြစ်သည်ဟု ကြေညာထားခြင်း ခံရသူ ဟုတ်/မဟုတ်၊

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်း စည်းမျဉ်းအရ အရေးယူခြင်းကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ်/မဟုတ်၊

(၈) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အား ခေတ္တရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခု၏ အဓိက အစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် တစ်ဦး ဟုတ်/မဟုတ်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့

## အစုရှင်များ ဒါရိုက်တာရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရန်

## အဆိုပြု တင်သွင်းလွှာ

ကျွန်ုပ် ဦး/ဒေါ် .............................၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် .........................................

သည် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အစုရှယ်ယာပေါင်း (            ) စုကို ပိုင်ဆိုင်သူ ဖြစ်ပါသည်။

ကျွန်ုပ်အား ဒါရိုက်တာတစ်ဦးအဖြစ် အရွေးချယ်ခံရန် အမည်စာရင်း တင်သွင်းပါသည်။

### ကိုယ်ရေးမှတ်တမ်း

ဓါတ်ပုံ

၁။ အမည် ..........................................................................................

၂။ အခြားအမည် ..........................................................................................

၃။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ..........................................................................................

၄။ လူမျိုး၊ ဘာသာ ..........................................................................................

၅။ မွေးသက္ကရာဇ် ..........................................................................................

၆။ ပညာအရည်အချင်း ..........................................................................................

၇။ ဒါရိုက်တာအဖြစ် အရွေးခံမည့်ဘဏ်၌ အစုရှယ်ယာပိုင်ဆိုင်မှု ရာခိုင်နှုန်း ..........................................

၈။ ဘဏ် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်ဖူးပါက

(က) ဘဏ်/အဖွဲ့အစည်းအမည် ..........................................................................................

( ခ ) စုစုပေါင်းလုပ်သက် (        ) နှစ်၊ (                    ) ခုနှစ်မှ (                    ) ခုနှစ်ထိ

( ဂ ) အမြင့်ဆုံးတာဝန်ထမ်းဆောင်ခဲ့သောရာထူး ..........................................................................................

၉။ လက်ရှိစီးပွားရေးလုပ်ငန်း (မရှိပါက မရှိကြောင်း ဖော်ပြရန်)

(က) လုပ်ငန်းအမည် ..........................................................................................

( ခ ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့် တယ်လီဖုန်းနံပါတ်များ ..........................................................................................

..........................................................................................

၁၀။ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်များ ..........................................................................................

..........................................................................................

၁၁။ အမြဲတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များ ..........................................................................................

..........................................................................................

၁၂။ အဖအမည် ..........................................................................................

၁၃။ အဖ၏ အလုပ်အကိုင် ..........................................................................................

၁၄။ ဇနီး / ခင်ပွန်းအမည် ..........................................................................................

၁၅။ ဇနီး / ခင်ပွန်းအလုပ်အကိုင် ..........................................................................................

(                    )

ထိုးမြဲလက်မှတ်

# ဝန်ခံကတိပြုခြင်း

ကျွန်တော်သည် မြန်မာနိုင်ငံသားများဘဏ်လီမိတက်တွင် ဒါရိုက်တာအဖြစ် အရွေးချယ်ခံရန် (     -     - ၂၀၂၃) ရက်နေ့တွင် အဆိုပြုထားပါသည်။ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ (၇၆)၊ ပုဒ်မခွဲ (၈) ပါအတိုင်း၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ကျွန်တော်သည် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ဒါရိုက်တာအဖြစ် တစ်ချိန်တည်း တာဝန်ထမ်းဆောင်ခြင်း မရှိပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

| | | |
|---|---|---|
| အမည် | - | ______________________ |
| အဘအမည် | - | ______________________ |
| မှတ်ပုံတင်အမှတ် | - | ______________________ |
| လိပ်စာ | - | ______________________ |
| | | ______________________ |

ပုံစံ

ရက်စွဲ။

ဒါရိုက်တာအဖွဲ့ဝင်များ

------------------ ဘဏ်

------------------

**ကျမ်းကျိန်လွှာ**

ကျွန်ုပ်---------------------- သည် ဘဏ်၏ဒါရိုက်တာများဆိုင်ရာညွှန်ကြားချက်နှင့်အညီ ------------- ရက်နေ့တွင် ဤဘဏ်၏ ဒါရိုက်တာရာထူးကို ထမ်းဆောင်ရန်အတွက် လိုအပ်သော အချက်များကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(၁) ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံနှုန်းများအတွက် ညွှန်ကြားချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဘဏ်၏ဒါရိုက်တာအဖြစ်ထမ်းဆောင်ရန်အတွက် သတ်မှတ်ထားသည့် စံသတ်မှတ်ချက်နှင့် အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါသည်၊

(၂) ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံနှုန်းများအတွက် ညွှန်ကြားချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဤဘဏ်၏ဒါရိုက်တာအဖြစ် ဆောင်ရွက်ရာတွင် အရည်အချင်းမပြည့်မီမှုမရှိပါ၊

(၃) ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဘဏ်၏ဒါရိုက်တာများဆိုင်ရာညွှန်ကြားချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဤဘဏ်၏အကျိုးစီးပွားပဋိပက္ခဆိုင်ရာ မူဝါဒများနှင့်အညီ ပြုမူဆောင်ရွက်ပါမည်၊

(၄) ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဆက်နွှယ်သူများဆိုင်ရာညွှန်ကြားချက်တွင် သတ်မှတ်ထားသည့် ဆက်နွှယ်သူများအပေါ် ဘဏ်၏မူဝါဒနှင့်အညီ ပြုမူဆောင်ရွက်ပါမည်၊

(၅) ကျွန်ုပ် သို့မဟုတ် ကျွန်ုပ်၏ မိသားစုသည် ဤဘဏ်တွင် အစုရှယ်ယာများနှင့် ဒီဘင်ချာများ --------- စု ပိုင်ဆိုင်ပါသည်၊(လိုအပ်ပါက ပူးတွဲစာရင်းဖြင့် တင်ပြရန်)

(၆) ကျွန်ုပ် သို့မဟုတ် ကျွန်ုပ်၏ မိသားစုသည် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် အစုရှယ်ယာများနှင့် ဒီဘင်ချာများ ------ စု ပိုင်ဆိုင်ပါသည်၊ (လိုအပ်ပါက ပူးတွဲစာရင်းဖြင့် တင်ပြရန်)

(၇) ဤဘဏ်မှတစ်ပါး ကျွန်ုပ်သည် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်နေခြင်းမရှိပါ၊

(၈) ကျွန်ုပ်၏ မိသားစုဝင်များသည် ဤဘဏ်တွင် အုပ်ချုပ်သူ/ဝန်ထမ်းအဖြစ် ဆောင်ရွက်နေခြင်း ရှိ/မရှိ၊(ဆောင်ရွက်နေခြင်းရှိပါက သီးခြားဖော်ပြရန်)

(၉) အထက်ဖော်ပြပါ ကြေညာချက်/ သတင်းအချက်အလက်သည် မှန်ကန်ပါသည်၊

(၁၀) အခြားအခြေအနေတစ်ရပ်ရပ်ကိုတွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

---------------------

ဒါရိုက်တာ၏လက်မှတ်
ဒါရိုက်တာ၏ အမည်

(မှတ်ချက်။ ဤဖော်ပြချက်ကို ဒါရိုက်တာမှ လက်မှတ်ရေးထိုးထားရမည်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ရန် ရွေးချယ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရမည်။)

**Notification to Shareholders**

1. Myanmar Citizens Bank Limited (MCB) hereby notifies its shareholders that the 31st Annual General Meeting (AGM) for the Financial Year 2022–2023 will be held soon. The meeting will be conducted in accordance with the Bank's Memorandum of Association and Articles of Association. In accordance with the Memorandum of Association, certain directors will resign by rotation, and the resulting vacant positions will be re-elected.
2. The nominated list of directors to be re-elected must be submitted to the Central Bank of Myanmar (CBM) prior to the AGM. Therefore, among the current Special Account Holders of MCB and Securities Account Holders trading on the Yangon Stock Exchange (YSX), any shareholder who wishes to be considered for election as a director and holds share value of MMK 5,000,000 (five million kyats) or more (for individuals), or MMK 10,000,000 (ten million kyats) or more (for organizations/companies), as of 4 October 2023, the record date determined by the Board of Directors (BOD), is requested to submit an application to MCB bank's address, No. (383), Mahar Bandoola Road, Kyauktada Township, Yangon Region, no later than 16:30 hours on 9 October 2023.
3. Applicants must meet the qualifications set out under Sub-section (B), Clauses (1) to (8), Section 76, Chapter 10 of the Financial Institutions Law.
4. When submitting the application, the applicant must bring the original National Registration Card (NRC), one passport-sized photograph, and documentary evidence of shareholding. The date and venue of the AGM will be announced separately. For further inquiries, please contact the General Services Department at phone numbers 01-8386023 or 01-8386029.

Myanmar Citizens Bank Limited

Letter No. Sa Ma – Htwe (2023)/ 1205

Date: 25 September 2023.

To

U/Daw --------------------------

-----------------------------------

-----------------------------------

**Subject: Submission of Proposal to be Elected in the Director Election.**

1. Myanmar Citizens Bank Limited (MCB) plans to hold the 31st Annual General Meeting (AGM) in the second week of December 2023.
2. In accordance with Sub-section (d), Section 76, Chapter 10 of the Financial Institutions Law (2016) of the Republic of the Union of Myanmar, the nominated list of members of the Board of Directors (BOD) must be submitted to the Central Bank of Myanmar (CBM) at least 30 days prior to the AGM, together with the prescribed form.
3. Pursuant to Section 83 of the Myanmar Companies Act, members of the BOD must be elected at the AGM. In accordance with the Paragraph (74) of MCB Memorandum of Association, individuals eligible for election must hold shares with a value of MMK 5,000,000 (five million kyats) or more, and organizations/companies must hold shares with a value of MMK 10,000,000 (ten million kyats) or more.
4. Shareholders holding Securities Accounts must possess the minimum shareholding amount required for eligibility as a director, as stated in paragraph 3 above, based on the shareholding position as of 4 October 2023, as determined by MCB.
5. In addition, individuals who wish to be elected as members of the BOD must meet the qualifications set out under Sub-section (B), Clauses (1) to (8), Section 76, Chapter 10 of the Financial Institutions Law. **(Attachment – 1)**
6. Therefore, shareholders who wish to be considered for election as a director are requested to complete the attached form and submit it to **Secretary, Board of Directors, Myanmar Citizens Bank Limited, No. (383), Mahar Bandoola Road, Kyauktada Township, Yangon Region**, no later than 16:30 hours on 9 October 2023.
7. For further inquiries, please contact the Secretary at phone numbers 01-8386023 or 01-8386029.

8. The date and venue of the AGM for the Financial Year 2022–2023 will be announced separately in due course.

Cho Cho Aye

Secretary, Board of Directors

Attachment – 1

In determining whether or not a person is a fit and proper person to be appointed, elected or nominated as a director under Sub-section (B), Clauses (1) to (8), Section 76, Chapter 10 of the Financial Institutions Law (2016), the Central Bank of Myanmar shall take into consideration the following matters:

i. the academic qualifications or professional qualifications or the effective experience in finance and banking, administration or business or any relevant sector;
ii. such person who is or has been investigated in relation to fraud, dishonesty or any other improper conduct by any regulatory body, professional association established in local or international or any other body established by the Law;
iii. whether the person has been convicted by any court of law within local or international in respect of the financial management;
iv. whether the person has been declared as a bankrupt within local or international;
v. whether the person fails to comply with any judgment or order of any court of law within local or international, including the repayment of a debt;
vi. whether the person has been declared by any court within local or international, or government medical board in the Union to be of unsound mind;
vii. whether the person has been removed or suspended from serving as a director or officer in any financial institution or institution formed under the law in local or international by a regulatory action or the Central Bank;
viii. whether or not the person has been a substantial shareholder, director, chief executive of any financial institution in the Union or elsewhere whose license has been suspended or cancelled.